


# ကမ္ဘာတခု အိပ်မက်တခု တကယ်ဖြစ်စေဖို့

(ဂါမဏိ)

"ကမ္ဘာတခု အိပ်မက်တခု" ဆိုတဲ့ဆောင်ပုဒ်နဲ့ အိုလံပစ်ပွဲတော်ကျင်းပဖို့ တနှစ်တိတိအလို ၂၀၀၇ ခု ဩဂုတ်(၈)ရက် ည ၈ နာရီ ၈ မိနစ်ဆိုတဲ့ မင်္ဂလာ အချိန်မှာ တရုတ်နိုင်ငံပီကင်းမြို့ တော်ရဲ့ တိန်အန်မင်ရင်ပြင်မှာ အိုလံပစ်အကြို တနှစ်လိုအခမ်းအနားကိုကျင်းပခဲ့တယ်။ မော်စီ တုံးဓာတ်ပုံကြီး ချိတ်ဆွဲထားတဲ့ ကောင်းကင်ဘုံငြိမ်းချမ်းရေးမုခ်ဦးကို အခမ်းအနားအတွက် ရွှေရောင်နဲ့အနီရောင်မီးတွေ ထွန်းထားပြီး အကအခုန်အမျိုးမျိုး၊ နာမည်ကျော် အဆိုတော်အမျိုး မျိုးနဲ့ မီးရှူးမီးပန်းတွေ ပါဝင်ခဲ့ပါတယ်။

လာမယ့် ၂၀၀၈ အိုလံပစ်ပွဲဟာ အာဏာရ တရုတ်ခေါင်းဆောင်တွေအတွက် သူတို့နိုင်ငံကို ဂုဏ်တင်ဖို့ အခွင့်အလမ်းဖြစ်ပေမဲ့ တကမ္ဘာလုံးက လူ့အခွင့်အရေး လှုပ်ရှားသူတွေကတော့ ပျော်ရွှင်ဝမ်းသာစရာ ပွဲလမ်းသဘင်အဖြစ် မယူဆကြပါဘူး။ ဒါကြောင့် ဒီတနှစ်အကြိုသမယမှာ ဆန္ဒပြပွဲတွေကို တခဲနက် စတင်ခဲ့ကြပါတယ်။

မဟာတံတိုင်းကြီးပေါ်မှာ တိဘက်လွတ်လပ်ရေး ထောက်ခံသူ (၆)ဦးက "ကမ္ဘာတခု အိပ်မက် တခု တိဘက်လွတ်လပ်ရေး ချက်ချင်းပေး ၂၀၀၈" ဆိုတဲ့ နဖူးစည်းစာတမ်းကို ချိတ်ဆွဲခဲ့တယ်။ ပီကင်းအိုလံပစ် ဦးစီးကော်မတီရုံးဝင်းအပြင်မှာ နယ်စည်းမခြား သတင်းထောက်များအဖွဲ့က အရာရှိတွေက အကျဉ်းခံ တရုတ်သတင်းထောက်တွေလွှတ်ပေးဖို့ တောင်းဆိုခဲ့ကြတယ်။ ဖြစ်ချင်တော့ တရုတ်ပုလိပ်ကလဲ အဲဒီမှာ သတင်းယူနေတဲ့ နိုင်ငံခြားသတင်းထောက်တဖွဲ့ကို ဖမ်းလိုက်သေးတယ်။ တက်ကြွလှုပ်ရှားသူတချို့ကလဲ မြန်မာနိုင်ငံနဲ့ ဆူဒန်နိုင်ငံလို ဖိနှိပ်ချုပ်ချယ် လွန်းတဲ့အစိုးရတွေကို ထောက်ခံအားပေးနေတဲ့ တရုတ်ပေါ်လစီ မပြောင်းရင် အိုလံပစ်ပွဲကို သပိတ်မှောက်ကြဖို့အထိ လှုံ့ဆော်စည်းရုံး လှုပ်ရှားနေကြတယ်။ တရုတ် အစိုးရပိုင်းကတော့ အိုလံပစ်ပွဲကို နိုင်ငံရေးမပတ်သက်ဖို့ ထပ်တလဲလဲတောင်းဆိုနေ လေရဲ့။ ဒါပေမဲ့ ဒီမျှော်လင့်ချက် ကတော့ မဖြစ်နိုင်တဲ့စိတ်ကူးပါ၊ သမိုင်းကိုပြန်ကြည့်ရင် ၁၉၃၆ ခု ဘာလင်အိုလံပစ်ကို ဟစ်တလာက ဝါဒဖြန့်ချိရေးအတွက် စအသုံးချခဲ့တယ်။ ၁၉၆၈ ခု မက္ကဆီကိုအိုလံပစ်မှာတော့ အမေရိကန် ပြည်ထောင်စုရဲ့လူမည်းအားကစားသမား နှစ်ယောက်က အမေရိကန်နိုင်ငံရဲ့ လူဖြူလူမည်းခွဲခြားရေးဝါဒ ကန့်ကွက်တဲ့ဆန္ဒပြမှုကို ဆုယူနေရင်းနဲ့ လုပ်ခဲ့တယ်။

ဟန်ဂေရီတော်လှန်ရေးကို ဆိုဗီယက်ပြည်ထောင်စုက သွေးချောင်းစီးနှိမ်နင်းခဲ့တာကို ကန့် ကွက်တဲ့ အနေနဲ့ နယ်သာလန်၊ စပိန်၊ ဆွစ်ဇာလန်တို့က ၁၉၅၆ ခု မဲလ်ဘုန်းအိုလံပစ်ကိုသပိတ် မှောက်ခဲ့သလို ဆူးအက်တူးမြောင်းအရေးအခင်းမှာ ဗြိတိန်၊ ပြင်သစ်နဲ့ အစ္စရေးတို့ရဲ့ စွက်ဖက်မှုကို ကန့်ကွက်တဲ့အနေနဲ့လဲ ကမ္ဘောဒီးယား၊ အီဂျစ်၊ အီရတ်၊ လက်ဘနွန်တို့က အဲဒီ မဲလ်ဘုန်း အိုလံပစ်ကို သပိတ်မှောက်ခဲ့ကြတယ်။ အသား အရောင်ခွဲတဲ့ တောင်အာဖရိကနိုင်ငံကို ပါဝင် ခွင့်ပြုလို့ ၁၉၇၂ ခု မြူးနစ်အိုလံပစ်ပွဲနဲ့ ၁၉၇၆ ခု မွန်ထရီယယ်အိုလံပစ်ပွဲတွေကို အာဖရိကနိုင်ငံ (၂၈)နိုင်ငံက သပိတ်မှောက်ခဲ့တယ်။ တရုတ်နိုင်ငံကလည်း နိုင်ငံတကာအိုလံပစ် ကော်မတီ (အိုင်အိုစီ)က တရုတ်တနိုင်ငံတည်းမူကို လက်မခံလို့ဆိုပြီး ၁၉၇၆ အိုလံပစ်ကို သပိတ်မှောက် ခဲ့တယ်။ ဒီ့အရင်ကလည်း ထိုင်ဝမ်(တရုတ်ဖြူ)ကို တရုတ်နိုင်ငံအဖြစ် အသိအမှတ်ပြု ပြိုင်ပွဲဝင် ခွင့်ပေးထားလို့ဆိုပြီး အိုလံပစ်ပွဲတွေမှာ ဝင်ပြိုင်ဖို့ဖိတ်တာတွေကို တရုတ်(နီ)က ၁၉၅၂ အိုလံပစ်က စပြီး တောက်လျှောက် သပိတ်မှောက်ခဲ့ပါတယ်။ ၁၉၈၄ ကျမှ တရုတ်နိုင်ငံဟာ ကမ္ဘာ့ အိုလံပစ်ပြိုင်ပွဲတွေမှာ စတင်ပါဝင် ယှဉ်ပြိုင်ခဲ့တာ ဖြစ်ပါတယ်။

၁၉၈၀ ခု မော်စကိုအိုလံပစ်ကိုတော့ အမေရိကန်ခေါင်းဆောင်တဲ့ နိုင်ငံ (၆၂)နိုင်ငံက အာဖဂန် နစ္စတန် အရေးကြောင့် သပိတ်မှောက်ခဲ့သလို ၁၉၈၄ ခု လော့စ်အိန်ဂျယ်လိအိုလံပစ်ပွဲကိုတော့ ဆိုဗီယက်ရုရှ ခေါင်းဆောင်တဲ့ (၁၅)နိုင်ငံက ၈၀ ခုနှစ်အတွက် လက်စားချေတဲ့အနေနဲ့ သပိတ် မှောက်ခဲ့တယ်။ အာဖဂန်ကိစ္စကြောင့် မော်စကိုအိုလံပစ်ကို သပိတ်မှောက်တဲ့ အထဲမှာ တရုတ် ပြည်သူ့သမတနိုင်ငံလည်း ပါခဲ့ပါတယ်။

၁၉၇၂ မြူးနစ်အိုလံပစ်မှာဘဲ ပါလက်စတိုင်းအကြမ်းဖက်သမားတွေက အစ္စရေးအားကစား သမားတွေကို ဝင်ရောက် ဖမ်းဆီး သတ်ဖြတ်ခဲ့တဲ့အတွက် အစ္စရေး အားကစားသမား (၁၁) ယောက်၊ ဂျာမန်ရဲ(၁)ယောက်၊ အကြမ်းဖက်သမား(၅)ယောက် သေခဲ့တယ်။ ၁၉၉၆ အတ္တလန် တာအိုလံပစ်မှာတော့ အမေရိကန်အကြမ်းဖက်သမားတယောက်ကဗုံးခွဲလို့ လူနှစ်ယောက်သေ (၁၁၁)ယောက်ဒဏ်ရာခဲ့တယ်။

၂၀၀၈ ဧပြီ(၂၄)ရက်မှာ အိုင်အိုစီက နိုင်ငံအသီးသီးက အိုလံပစ်ကော်မတီတွေဆီ တရားဝင်စာ တစောင်ပို့ခဲ့ရာမှာ အိုလံပစ်ပွဲတော်ဝင်းအတွင်း ဘယ်နေရာမှာ မဆို အားကစားသမားတွေရဲ့ နိုင်ငံရေးသဘောထားဖော်ထုတ်မှုကို တားမြစ်ထားပါတယ်။ စကားအားဖြင့်(သို့မဟုတ်)စာအားဖြင့် လွတ်လပ်စွာဖော်ပြမှုတင်မက အသံတိတ် အမူအရာဟန်ပန်အားဖြင့် ဖော်ပြမှုကိုပါတား မြစ်တာဖြစ်ပါတယ်။ ဒီနေရာမှာ အိုင်အိုစီက အိုလံပစ်ပဋိညာဉ်စာတမ်း ပုဒ်မ ၅၁/၃ ကို ရည်ညွှန်းပြီး "မည်သည့် အိုလံပစ်ပွဲခင်းများ သို့မဟုတ် ပြိုင်ပွဲကွင်းများ သို့မဟုတ် အခြားနေရာများ တွင်မှ ဆန္ဒပြမှု သို့မဟုတ် နိုင်ငံရေးဝါဒဖြန့်မှု သို့မဟုတ် ဘာသာရေးဝါဒဖြန့်မှု သို့မဟုတ် လူမျိုး ရေးဝါဒဖြန့်မှုမှန်သမျှကို ခွင့်မပြု"လို့ ထောက်ပြထားပါတယ်။ ဒါဟာ အင်မတန့်ကို ကျယ်ကျယ် ပြန့်ပြန့် အဓိပ္ပာယ်ကောက်လို့ရတာ ဖြစ်တဲ့အတွက် ပုဂ္ဂိုလ် တဦးတယောက်ကဖြစ်စေ ဒါမှမဟုတ် ပုဂ္ဂိုလ်တစုကဖြစ်စေ ပြုလုပ်တဲ့လုပ်ရပ်တွေ၊ တုံ့ပြန်မှုတွေ၊ သဘောထားတွေ သို့မဟုတ် ဘယ်လိုဖော်ပြပုံမျိုးမဆို အကြုံးဝင်နေပြီး အဲဒီလူတွေရဲ့ပုံသဏ္ဍာန် အပြင်အဆင်အဝတ်အစား ကိုယ်ဟန်မူရာ၊ စာဖြင့် ထုတ်ပြန်ကြေညာချက်၊ နှုတ်အားဖြင့် ထုတ်ပြန်ကြေညာချက်တွေ အားလုံး ပါဝင်ပါတယ်။

ဂျော့အော်ဝဲလ်ရေးတဲ့ "၁၉၈၄" ဝတ္ထုဆံဆံ မနောကံပြစ်မှုတွေကို အိုင်အိုစီက စာရင်းထုတ်ပြန် တာဟာ တိဘက်အရေး လှုပ်ရှားမှုတွေ၊ မြန်မာ့အရေး

လုပ်ရှားမှုတွေကို တရုတ်အလိုကျ ဟန့် တားဖို့ရည်ရွယ်တာဖြစ်ပါတယ်။ ပြင်သစ်အားကစား သမားတွေက "ပိုမိုကောင်းမွန်တဲ့ ကမ္ဘာ ကြီးအတွက်" လို့ ခပ်ပျော့ပျော့ရေးထားတဲ့ ရင်ထိုးတံဆိပ်တွေ တပ်ဖို့ကြံရွယ်ထားတာတောင် ပိတ်ပင်ခံရဖို့ ဖြစ်သွားပါတယ်။ ဒ့ါအပြင် ခြေဟန် လက်ဟန်ပြတာမျိုး၊ မျက်နှာအမူအရာ ပြတာမျိုးကိုပါ အရေးယူနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ တချိန်တုံးကလည်း ဗြိတိန်နဲ့ နယူဇီလန်နိုင်ငံ အိုလံပစ်ကော်မတီတွေက ဒီလို အမိန့်မျိုးတွေ ထုတ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ လူထု ဖိအားတွေကြောင့် အဲဒီအိုလံပစ်ကော်မတီတွေ နောက်ပြန်ဆုတ်ခဲ့ရပါတယ်။ အမေရိကန်နိုင်ငံ ကတော့ အားကစားသမားတွေဟာ တခြားနိုင်ငံသားတွေလိုဘဲ ပီကင်းအပါအဝင် ဘယ်နေရာမှာဖြစ်ဖြစ် လူ့အခွင့်အရေးနဲ့အညီ ငြိမ်းချမ်းစွာနဲ့ လွတ်လပ်စွာ ဖော်ထုတ်ခွင့်ရှိရမယ် လို့ရပ်တည်ထားပါတယ်။ (၁၉၆၈ ခုတုံးကတော့ အိုလံပစ်ပွဲမှာဆန္ဒပြတဲ့ လူမည်းအားကစား သမားနှစ်ယောက်ကို အမေရိကန် အိုလံပစ်ကော်မတီက ရာသက်ပန် အားကစားပြိုင်ခွင့် ပိတ်ပစ်ခဲ့ပါတယ်။)

အိုင်အိုစီက အဲသလိုမီးစိမ်းပြပြီးတဲ့နောက် ဇွန်(၄)ရက်မှာ ပီကင်းအိုလံပစ်ပွဲတော်ဦးစီး ကော်မ တီက အိုလံပစ်ပွဲလာ နိုင်ငံခြားသားတွေအတွက် ရှောင်ရန် ဆောင်ရန် စည်းကမ်းချက်တွေ တသီကြီးထုတ်ခဲ့ပါတယ်။ ဒီထဲမှာ ပော်တယ်မှာ မတည်းတဲ့သူတွေ ရဲစခန်းမှာ ဧည့်စာရင်း တိုင်ရမယ်၊ အဆောက်အဦးပြင်ပ လေဟာပြင်မှာ မအိပ်ရ၊ အိုလံပစ်လက်မှတ် ဝယ်ထားသူ တိုင်းကို ဗီဇာအလိုအလျောက် မထုတ်ပေးနိုင်၊ အိုလံပစ်ပွဲခင်းအတွင်း နိုင်ငံရေး ဘာသာရေး လူမျိုးရေး ကြွေးကြော်သံများ အော်ဟစ်ခြင်း နဖူးစည်းစာတန်းများ ပိုစတာများ ကိုင်ဆောင်ခြင်း မပြုရ၊ တရုတ်နိုင်ငံတော်အလံကို မီးရှို့ခြင်း ဖျက်ဆီးခြင်း မလုပ်ရ၊ 'စိတ်ရောဂါ' ရှိသူများ မလာရ၊ တိဘက်အကြောင်း လုံးဝ ပါးစပ်မဟရ စသည်တို့ ဖြစ်ပါတယ်။ ဒီစည်းကမ်းချက်တွေ ကို အင်္ဂလိပ်ဘာသာနဲ့ မထုတ်ဘဲ တရုတ်ဘာသာနဲ့ဘဲ ထုတ်တာလည်း ထူးဆန်းနေပါတယ်။

အိုင်အိုစီကတော့ မိမိတို့ဟာ နိုင်ငံရေးအသွင်မဆောင်တဲ့ အိုလံပစ်အစဉ်အလာကို ထိန်းသိမ်း ရပ်ခံနေတာသာ ဖြစ်တယ်လို့ဆိုပါတယ်၊ ဒါပေမဲ့ အိုလံပစ်ပဋိညာဉ်ထဲမှာ "အားကစားဖြင့် လူသား၏ သဟဇာတကျ ပြေပြစ်ချောမွေ့စွာ ဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးဆောင်ပြီး လူ့ဂုဏ် သိက္ခာ ထိန်းသိမ်းခိုင်မြဲရေးနှင့်ဆိုင်သည့် ငြိမ်းချမ်းသောလူ့ဘောင် ဖြစ်ထွန်းရေးကို အားပေး မြှင့်တင်ရန်"လို့လည်း အတိအလင်းကြေညာထားပါတယ်၊ တကယ်တော့ ဒါဟာ နိုင်ငံရေးဘဲ မဟုတ်ပါလား၊ ငြိမ်းချမ်းရေးရချင်ရင် စေ့စပ်ဆွေးနွေးရပါတယ်၊ လူ့ဂုဏ်သိက္ခာခိုင်မြဲဖို့ဆိုရင် တရားမျှတမှု၊ လွတ်လပ်ခွင့်နဲ့ လူ့အခွင့် အရေးတို့ လိုအပ်ပါတယ်။

အိုင်အိုစီက ၂၀၀၈ ခု အိုလံပစ်ပွဲအိမ်ရှင်အဖြစ် တရုတ်နိုင်ငံကိုရွေးခဲ့စဉ်တုံးက အကြောင်း တချက်က ဒီ အိုလံပစ်ပွဲကြောင့် တရုတ်နိုင်ငံမှာ လူ့အခွင့်အရေး အခြေအနေတိုးတက်အောင် အားပေးနိုင်လိမ့်မယ်ဆိုတဲ့ စဉ်းစားချက်နဲ့ရွေးခဲ့တာဖြစ်ပါတယ်။ အခုတော့ အိုင်အိုစီက ငြိမ်း ချမ်းစွာတိုက်ပွဲဆင်မှုတွေကို ပိတ်ပင်နေတာဟာ(၁၉၃၆ ခု ဟစ်တလာရဲ့ ဘာလင်အိုလံပစ်တုံး ကလို) တရုတ်နိုင်ငံရဲ့ စီးပွားရေးကြော်ငြာဆံဆံ ဝါဒဖြန့်ပွဲကြီး အကျိုးအတွက်သာဖြစ်ပြီး အားကစားပြိုင်ဆိုင်မှုထက် အများကြီးပိုအရေးကြီးတဲ့ တန်ဖိုးစံတွေကို မြေမြှုပ်စတေးပစ်ရာ ရောက်နေပါတယ်။

"အိုလံပစ်ဆိုတာ လူ့သဘာဝနဲ့ ပတ်သက်နေတယ်"လို့ ယခင် တရုတ်ကွန်မြူနစ်ပါတီ အထွေ ထွေအတွင်းရေးမှူး ကျောက်ကျိယန်ရဲ့ အကြံပေး အရာရှိဟောင်း ပေါက်တုံး ကိုယ်တိုင်က ပြော ပါတယ်၊ "ဒီတော့ အိုလံပစ်ကို လူ့အခွင့်အရေး နဲ့ ခွဲခြားပစ်ဖို့ မဖြစ်နိုင်ဘူးဗျ"တဲ့။ တကယ်တော့ တရုတ်ဟာ သူ့တိုင်းပြည်မှာ အိုလံပစ်ပွဲလုပ်ဖို့ လျှောက်လွှာမတင်မီ ကတည်းက အဲဒါကို စဉ်း စားခဲ့ဖို့ ကောင်းပါတယ်။ အခုတော့ တရုတ်အစိုးရဟာ ပီကင်းအိုလံပစ်နဲ့ မြန်မာ့ရွှေဝါရောင် တော်လှန်ရေး၊ တိဘက်ရွှေဝါရောင်တော်လှန်ရေးတွေ၊ ဆူဒန်နိုင်ငံ ဒါဖာလူသတ်ပွဲတွေ ချိတ်ဆက်မိမှာကို အကြီးအကျယ် စိုးရိမ်ကြောက်လန့်နေပြီး အဲဒါမျိုး ချိတ်ဆက်တာဟာ "တာဝန်မဲ့ လုပ်ရပ်" ဖြစ်တယ်လို့ သွေးရူးသွေးတန်းပြောနေပါတယ်။

မြန်မာ့အရေးနဲ့ တိဘက်အရေးတွေကြောင့် ပီကင်းအိုလံပစ်ပွဲကို သပိတ်မှောက်ဖို့ ငြိမ်းချမ်း ရေးနိုဘယ်ဆုရှင် တောင်အာဖရိက ဂိုဏ်းချုပ် ဘုန်းတော်ကြီး ဒက်စမွန်တူးတူးက လှုံ့ဆော်ထားပါတယ်။ နော်ဝေးဝန်ကြီးချုပ်ဟောင်း ဘွန်ဒီဝစ်ကတော့ မြန်မာနိုင်ငံအခြေအနေကို အာရုံစိုက် လာအောင် ပီကင်း အိုလံပစ်ကို ကမ္ဘာကအသုံးချရမယ်လို့ ရွှေဝါရောင်တော်လှန်ရေးအပြီး ၂၀၀၇ အောက်တိုဘာလမှာ ဆော်ဩခဲ့ပါတယ်။ ပီကင်းအိုလံပစ်ပွဲဟာ တရုတ်ပြည်ရဲ့အိမ်နီးချင်း မြန်မာနိုင်ငံအခြေအနေ တိုးတက်လာစေနိုင်တဲ့ နည်းလမ်းဖြစ်နိုင်တယ်လို့ နော်ဝေး ဝန်ကြီးချုပ်ဟောင်းက ယုံကြည်ပါတယ်။ ဒီအတွက် အိုလံပစ်ပွဲ မတိုင်မီမှာရော အိုလံပစ်ပွဲ ကာလအတွင်းမှာပါ အိုလံပစ်နဲ့ချိတ်ဆက်ပြီး လှုပ်ရှားမှုတွေလုပ်ရမယ်လို့ အော်စလို ငြိမ်းချမ်း ရေးနဲ့ လူ့အခွင့်အရေး ဗဟိုဌာနရဲ့ လက်ရှိအကြီးအကဲဖြစ်နေတဲ့ ဘွန်ဒီဝစ်က ဆိုပါတယ်။ အားကစားနဲ့ နိုင်ငံရေးကို လုံးလုံးလျားလျား ခွဲခြားရမယ်ဆိုတဲ့ ခေတ်ဟောင်းအမြင်ဟာ ဒီနေ့ ခေတ်ကမ္ဘာနဲ့ မကိုက်ညီတော့ဘူးလို့ ဘွန်ဒီဝစ်က ပြောပါတယ်။

ဂါမဏိ

ရည်ညွှန်း၊တိုင်းမဂ္ဂဇင်း၊ ဩဂုတ် ၂၀၊ ၂၀၀၇၊
နော်ဝေပို့စ်၊ အောက်တိုဘာ ၂၊ ၂၀၀၇၊
ဝါရှင်တန်ပို့စ် သတင်းစာ၊ မေ ၁၁၊ ၂၀၀၈၊